
ရွှေဝင့်နတ်ဘုရား
ဒဂုန်ရွှေမျှား
The Yellow God by
Sir Rider Haggard

# ဒဂုန်ရွှေမျှား
(၁၈၉၅- ၁၉၈၂)

ဒဂုန်ရွှေမျှားသည် ၁၈၉၅ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် ပြည်မြို့၌ အဖကုန်သည် ဦးချစ်ထွန်း၊ အမိဒေါ်စော (စောကလေး)တို့ မှ မွေးဖွားခဲ့သော တစ်ဦးတည်းသောသား ဖြစ်သည် ။ အမည်ရင်း ဦးတင်၊ ငယ်စဉ်က အိမ်တွင် မြန်မာ-အင်္ဂလိပ်ဆရာများ ဖြင့် ပညာစတင် သင်ကြားခဲ့ပြီး တတိယတန်းမှ စ၍ ပြည်မြို့ အစိုးရ ဟိုက်စကူးကျောင်းတွင် တတိယတန်းမှ ဒသမတန်း အောင်သည် အထိ သင်ကြားခဲ့သည် ။ ၁၉၁၃-၁၄ခုနှစ်တွင် ဒသမတန်း အောင်မြင်ခဲ့သည် ။ ရန်ကုန် တက္ကသိုလ်တွင် ခေတ္တမျှ တက်ရောက် သင်ကြားခဲ့သည် ။ နောက် စပါးကုန်သည် အလုပ် လုပ်သည် ။ ထိုသို့လုပ်ရင်း စပါးကုန်သည် ၊ မြေပိုင်ရှင်၊ သမာဓိမြို့ဝန် ဦးပြုံး၏ သမီး ဒေါ်သိန်းခင်နှင့် လက်ထပ်ခဲ့သည် ။ ၁၉၂၇ ခုနှစ်တွင် ရှေ့နေစာမေးပွဲ အောင်မြင်၍ ရှေ့နေဘဝ၊ နောက် သတင်းစာ ကိုယ်စားလှယ်၊ သတင်းထောက်၊ စာရေးဆရာ၊ အယ်ဒီတာ ဘဝများကိုရရှိခဲ့ပြီး စစ်ကြိုခေတ်၊ မြန်မာ စာရေးဆရာများ ပေါ်ဦးပေါ်ဖျား ကာလမှာ ပင် "ပြည်မောင်တင်" ကလောင်အမည်၊ နောင် "ဒဂုန်ရွှေမျှား"ဖြစ်လာခဲ့သည် ။

၁၉၁၇ ခုနှစ် မတ်လတွင် သူရိယမဂ္ဂဇင်း ထွက်ပေါ်လာသောအခါ "

ဝတ္ထုရေးသူများကို ဆုပေးမည့် အကြောင်း" ပါလာသဖြင့် "ဝီလျံရှိတ်စပီးယား"(William Shakespere) ၏ " အော်သယ်လို" (Othello) ပြဇာတ်ပုံဝတ္ထုကို မြန်မာမှုပြု၍ "ချင်းဗိုလ်မောင်တက်တူ" အမည်ခံပြီး ပါဝင်ယှဉ်ပြိုင်ရာ မေလထုတ် သူရိယမဂ္ဂဇင်း (ရေးသူဆုရသည် ) ကဏ္ဍတွင် စတင်ဖော်ပြခံရသည် ။ ဆုငွေ ၁၅/ ကျပ်ရသည် ။ ဒဂုန်ရွှေမျှား၏ ပထမဦးဆုံး ဝတ္ထုတိုလက်ရာ ဖြစ်သည် ။ နောက် သူရိယ၊ ဒဂုန်၊ မြန်မာ့အလင်း၊ ကြည်တော်မူ အစရှိသော မဂ္ဂဇင်းများ တွင် ဝတ္ထုစာပေလက်ရာများ ဆက်လက်ရေးသားခဲ့သည် ။ ဆောင်းပါးအနေဖြင့် သူရိယမဂ္ဂဇင်းမှာ ပင် Wide World မဂ္ဂဇင်းမှ ဂျာမန်စစ်သုံ့ပန်း အင်္ဂလိပ်စစ်ဗိုလ် တစ်ယောက် အကြောင်း ဆောင်းပါးသည် ဒဂုန်ရွှေမျှား၏ ပထမဦးဆုံး ဆောင်းပါးလက်ရာ ဖြစ်သည် ။

ပထမဦးဆုံး မဂ္ဂဇင်းဝတ္ထုရှည်"လျှို့ဝှက်သော စာအိတ်ကြီး" (The SecretEnvelope) သည် ပြည်တော်မူ မဂ္ဂဇင်းတွင် စတင်ရေးသားခဲ့ပြီး ပြည်တော်မူ ကုမ္ပဏီမှ ပင် သုံးမတ်တန် လုံးချင်းစာအုပ် အဖြစ် စတင်ထုတ်ဝေခဲ့ပါသည် ။ ဘားမင်းနီးယား ဖလင်ရုပ်ရှင် ကုမ္ပဏီမှ ဒါရိုက်တာ ဦးထိန် လာရောက် ဝယ်ယူပြီး ရုပ်ရှင်ရိုက်ကူးခဲ့ရာ ၁၉၂၃ ခုနှစ်တွင် ရုံတင်ပြသခဲ့ရသည် ။

ဂျပန်ခေတ်တွင် ကုန်သည် အဖြစ် လုပ်ကိုင်ရင်း အစိုးရ ပြန်ကြားရေးဌာနတွင် လက်ထောက် အယ်ဒီတာ၊ စစ်ပြီးခေတ်တွင် ယနေ့အမျိုးသမီးမဂ္ဂဇင်း၊ သတင်းစုံ (Tib Bit) ဂျာနယ်၊ ဗမာခေတ်နှင့် ရှေ့ဆောင်သတင်းစာများ ၌ သတင်းအယ်ဒီတာ၊ နောက် စာပေဗိမာန်တွင် စာပြု၊ လက်ထောက် စာတည်း စသဖြင့် လုပ်ကိုင်ခဲ့သည် ။ ဒဂုန်ရွှေမျှားသည် ၁၉၁၄ ခုနှစ်မှ အစပြု၍ ကွယ်လွန်သည် အထိ စာရေးသက် (၅၈) နှစ်အတွင်း စာအုပ်လုံးချင်း (၆၀)ကျော် (စုံထောက် ဦးထင်ကျော်၊ ထောင်

မင်းသား ဦးဘိုးထော်၊ ကလိန်မောင်မောင်ထွန်း၊ အင်မ်ကြာရိုး၊ စောရ မောင်၊ ကလိမ်ခြံရှေ့နေ အစရှိသော ပင်ကိုရေးနှင့် မှီငြမ်း ဝတ္ထုတို ပေါင်းချုပ် အပါအဝင် ဝတ္ထုတိုပေါင်း (၄၇၃)ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်း ဝတ္ထုတို/ရှည် (၁၁၆) ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်း ပြစာအုပ် (၆၁)အုပ်၊ ပင်ကိုရေး ဝတ္ထုစာအုပ် (၁၉) အုပ်၊ ဘာသာပြန်နှင့် ပင်ကိုရေး ဆောင်းပါးပေါင်း (၁၄၇)ပုဒ်၊ ဘဝအတွေ့အကြုံ စာအုပ် (၁) အုပ်)စသဖြ င့် ရေးသား ထုတ်ဝေခဲ့ရသည် ။

ဒဂုန်ရွှေမျှားသည် စာပေဆု သုံးကြိမ်ရရှိခဲ့ရာ ၁၉၅၉ ခုနှစ်တွင် စာ ပေဗိမာန် ဘာသာပြန်ဆုအဖြစ် "ရော်ဘင်ဆင်ကရူးဆိုး" (Robinson Cr usoe) စာအုပ်ဖြင့် ပထမဦးဆုံး အကြိမ် ရရှိခဲ့ပြီး၊ ၁၉၆၃ ခုနှစ်တွင် အမျိုး သားစာပေဆု၊ အနုပညာစာပေ ဘာသာပြန် ဝတ္ထုဆုအား "မြို့ဝန်မင်း၏ ဘဝခရီး" (The Mayer of Casterbridge) ဝတ္ထုဖြင့် ရရှိခဲ့သည် ။

နောက်ဆုံး ၁၉၇၂ ခုနှစ်တွင် စာပေဗိမာန် စာမူပြိုင်ပွဲ၊ ဘာသာပြန် စာပေဆုအဖြစ် "မွန်းတည့်ရန် (၂) မိနစ်အလို" စာအုပ် (စာမူ) ဖြင့် ဒုတိ ယဆု ရရှိခဲ့သည် ။

ဝတ္ထုစာပေ လက်ရာများ အပြင် ခရီးသွားစာပေ၊ စာပေသမိုင်းစာပေ "မြန်မာနိုင်ငံ စာပေဆုများ " ပထမတွဲ၊ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာပေ (ဘဝနှင့် အတွေ့အကြုံ (Quality) စာအုပ်တိုက်၊ ၂၀၁၀ ဒုတိယအကြိမ်)၊ ရုပ်ပုံလွှာဆောင်းပါးများ (ဂျာနယ်ကျော် ဦးချစ်မောင်၊ မင်းဆွေ စသဖြင့်) ရေးသားပြုစုခဲ့သည် ။

ဆရာကြီးဒဂုန်ရွှေမျှားသည် ၁၉၈၂ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်ခဲ့သည် ။ အသက် (၈၇)နှစ် အရွယ်တွင် ကွယ်လွန်ခြင်း ဖြစ်သည် ။ ရုပ်ရှင်ဒါရိုက်တာ စိန်ဖေတင် (ကွယ်လွန်) အ

ပါအဝင် သားသမီး (၅) ဦး ကျန်ရစ်ခဲ့သည် ။

ယခုအခါ ဆရာကြီးရေးသားခဲ့သော စာပေလက်ရာများ အားလုံးအား လက်လှမ်းမီသလောက် ရှာဖွေလျက် Quality စာအုပ်တိုက်မှ တစိုက်မတ်မတ် ထုတ်ဝေလျက် ရှိပါသည် ။

*****

## မြန်မာပြန်သူ၏ ကျေးဇူးတင်လွှာ

ကျွန်တော်သည် The Treasure of The Lake ဝတ္ထုကို "ရတနာရေအိုင်" ဟူသော အမည်ဖြင့် မြန်မာ ပြန်ဆိုခဲ့ပြီးနောက် တစ်လခန့်အကြာတွင် ယခု TheYellow God ဝတ္ထုကို ထပ်မံ ရရှိပြန်သဖြင့် ယင်းဝတ္ထုကို "ရွှေစင်နတ်ဘုရား" ဟူသော အမည်ဖြင့် ယခုမြန်မာ ပြန်ဆိုပါသည် ။

ယခုဝတ္ထုကို မူလရေးသူမှာ လည်း ဆာရိုက်ဒါဟက်ဂတ်ပင်ဖြစ်၍ ဝတ္ထုဇာတ်လမ်း ကောင်း မကောင်းကိုမူ အထူးချဲ့ထွင်ရေးသားရန် မလိုပါချေ။ ဆာရိုက်ဒါဟက်ဂတ်၏ ဝတ္ထုများမှာ လွန်ခဲ့သော နှစ်ပေါင်း ၇၀ ခန့်က ရေးသားထုတ်ဝေခဲ့ခြင်း ဖြစ်၍ ယခုအခါ လန်ဒန်မြို့ စာအုပ် အဟောင်းဆိုင်များ ၌ပင် မရှိဘဲ အလွန်ရှားပါးသော ဝတ္ထုများ အဖြစ် သတ်မှတ်ထားရပါသည် ။

အထက်ပါ ဝတ္ထုနှစ်အုပ်စလုံးကို ကျွန်တော့်အား ငှားရမ်းသူများမှ သန်လျင်မြို့၊ ဘဝဖြစ်အင်နှင့် နက္ခတ်အမြင် ဆရာကြီးဦးမြင့်သိန်း (B.A) နှင့် စာအုပ်များ လက်ဝယ်ထားရှိသူ၊ သူ၏ အစ်ကို ရန်ကုန်မြို့ ဒေါက်

တာမြင့်သန်းPh. D. (London) ဇနီးမောင်နှံတို့ ပင် ဖြစ်ပါသည် ။

ဤသို့ဖြင့် ကျွန်တော့်မှာ သူတို့ အား ပထမတစ်ကြိမ် ကျေးဇူးတင်ရုံနှင့် ပင် အားမရသေးဘဲ ယခု ထပ်မံကျေးဇူးတင်ကြောင်း ယခုဝတ္ထု နိဒါန်းအနေဖြင့် မှတ်တမ်းတင်အပ်ပါသည် ။

ဒဂုန်ရွှေမျှား
၁၀-၈-၇၃

***

# အခန်း (၁)

## ဆဟာရကုမ္ပဏီလီမိတက်

ဘုရင့်သူရဲကောင်းပြု မှူးမတ်နှင့် ပါလီမန်အမတ်ဖြစ်သူ ဆာရောဘတ်အေး(လ)ဝဒ်သည် လန်ဒန်မြို့ရှိ သူ၏ အလုပ်တိုက်တွင် အေးဆေးစွာ ထိုင်လျက်ရှိနေ၏။ ကုမ္ပဏီတည်ရှိရာ တိုက်အဆောက်အအုံမှာ လန်ဒန်မြို့တွင် အကောင်းဆုံး၊ အခံ့ညားဆုံး အဆောက်အအုံတစ်ခုဖြစ်၍ အလုပ်တိုက်၏ အပြင်ကို အဗာဒင် အဖိုးတန် ကျောက်များ ဖြင့် ဆောက်လုပ်ထား၏။

သို့လုပအောင် တခမ်းတနား ပြုလုပ်ထားခြင်းမှာ လည်း ၎င်းတို့ ၏ ကုမ္ပဏီတွင် ငွေကြေး အရင်းအနှီး မြှုပ်နှံလိုသူများက အထင်ကြီးသည်ထက် ကြီးအောင် ပြုလုပ်ထားခြင်း ဖြစ်၏။ တိုက်၏ ထိပ်တွင် "တရားစောင့် နတ်မိမယ်" ရုပ်ထုသည် မျှတသော သဘောကို ဆောင်သည့် ချိန်ခွင်ကို လက်တွင် ကိုင်လျက် ခံ့ညားထည်ဝါစွာ ရပ်တည်လျက်ရှိနေ၏။

တိုက်ကြီး၏ ခံ့ညားပုံမှာ လည်း အင်္ဂလန်နိုင်ငံရှိ နိုင်ငံတော် ဘဏ်ကြီးသာလျှင် အကြောင်းအမျိုးမျိုးကြောင့် ပြိုလဲပျက်စီးသွားကောင်းသွားပေမည်။ ယခု ကုမ္ပဏီ၏ အဆောက်အအုံကြီးမှာ မူ မည်သည့်နည်းနှင့် မျှ ပြိုပျက်နိုင်ရန် အကြောင်းမရှိချေ။ သူတို့ ရည်ရွယ်ချက်အတို

င်း လူများ ၏ အထင်ကြီးခြင်း ခံရသဖြင့်လည်း ရည်ရွယ်ချက်အောင်မြင်သည် ဟု ဆိုရပေမည်။

သူ၏ ဖက်စပ်ပါတနာဖြစ်သူ မစ္စတာ ချမ်ပါး (စ) ဟက်စဝဲက ...

"ဒီ မှာ မစ္စတာရောဘတ်ရဲ့ အပြင်ပန်းလှအောင်၊ ကောင်းအောင် လုပ်တာဟာ တိုင်းပြည်လူထုက ကျုပ်တို့ ကို အထင်ကြီးစေတဲ့ အချက်ထဲမှာ အရေးကြီးဆုံး အချက်တစ်ချက်ဗျ။ ဒီတော့ အပြင်ပန်း ထည်ဝါခံ့ညားရင် အတွင်းမှာ လည်း ပစ္စည်းဂုဏ်၊ ဓနဂုဏ်ရှိတယ်။ ဖြောင့်မတ်တည်ကြည်တယ်။ ကုံလုံကြွယ်ဝတယ်လို့ လူများက ထင်ကြတာ ဓမ္မတာပဲဗျ။ ဒီအချက်ကို ကျုပ်တို့ က အမှတ်မဲ့နေပေမဲ့ လူထုက ကျုပ်ပြောတဲ့ အတိုင်း အထင်ရောက်မှာ အမှန်ပဲ"

ဟု အားပါးတရ ပြောလိုက်၏။ အချိန်မှာ မစ္စတာရောဘတ်အေး(လ)ဝဒ်အား သူကောင်းပြု မှူးမတ်အဖြစ် ခန့်ထားခြင်း မခံရသေးမီက ဖြစ်၏။ မစ္စတာအေး(လ)ဝဒ်မှာ သူ၏ နဂိုဝါသနာအတိုင်း မတုန်မလှုပ်ရှိနေရာမှ -

"အင်း ... ခင်ဗျား ဥပမာပေးပုံက နည်းနည်းရှုပ်နေတယ်။ ကြော်ငြာနဲ့ အမိဖမ်းလို့ ရလောက်အောင် ထုံတဲ့ ၊ အတဲ့ လူထုလို့ ခင်ဗျားပြောရင် ကျုပ် သဘောတူတယ်။ ဒါပေမဲ့ ကြော်ငြာခက အခု အင်မတန်ကြီးနေတယ်ဗျ။ ကြော်ငြာကြောင့် ရမယ့်ရလဒ်ကို ကျုပ်မစောင့်ချင်ဘူး။ ဒီတော့အဆောက်အအုံကို အဗာဒင်ကျောက်နဲ့ ပဲ ဆောက်ဖို့ ဗိသုကာကို ခိုင်းလိုက်ပါတော့ဗျာ"

ဟု သူကောင်းပြုမှူးမတ် အဖြစ်သို့ သူမရောက်မီက ပြောခဲ့ကြပုံများကို သူပြန်၍ သတိရမိ၏။

ဆာရောဘတ်၏ အလုပ်ခန်းမှာ အထက်ပါ ခံ့ညားထည်ဝါလှသော

အဆောက်အအုံကြီး၏ နောက်ပိုင်းအခန်းတစ်ခန်းတွင် ရှိ၍ အလွန်အဖိုး ထိုက်တန်လှသော ပရိဘောဂများ ဖြင့် လှပသပ်ရပ်စွာ ရှိနေ၏။ နိုင်ငံတော် ဝန်ကြီးချုပ်၏ ရုံးခန်းပင် သူ၏ အလုပ်ခန်းကို မီမည်မဟုတ်ပေ။ ရုပ်လုံးများ ဖော်ထားသည့် ကျွန်းသားနံရံများ ၊ ဝိုင်းလျက် ခင်းထားသော ကော်ဇောကြီးများ မှာ လည်း နင်းသွားသူ၏ ခြေသံကိုပင် မကြားရအောင် ထူထဲလှ၏။ အခန်းထောင့်တစ်နေရာ စင်မြင့်ပေါ်တွင် ရှေးသောကြာဂြိုဟ် နတ်မိမယ် ရုပ်တုတစ်ခုရှိ၍ မီးလင်းဖိုစင်မြင့်ကလေး ပေါ်၌ မစ္စအေး(လ)ဝဒ်၏ ရုပ်ပုံချိတ်ထား၏။ ဤအမျိုးသမီးမှာ တစ်ချိန်က အလှမယ်တစ်ဦး ဖြစ်ခဲ့ဖူး၍ မစ္စတာအေး(လ)ဝဒ် နှင့် မူ တစ်စုံတစ်ရာ တော်စပ်ခြင်း မရှိချေ။

ဆာရောဘတ်သည် သစ်နက်သားစားပွဲတွင် ထိုင်ကာ ခဲတံတစ်ချောင်းကို လှုပ်ယမ်း ကစားလျက်ရှိရာ မီးလင်းဖိုမှ အလင်းရောင်သည် သူ၏ မျက်နှာပေါ်သို့ ကျရောက်လျက်ရှိ၏။ ထိုအချိန်က သူ၏ အသက်မှာ ၄၂ နှစ်မျှသာ ရှိသေး၏။ သူ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ရှိနေ၍ နဂိုရောင် ဖြူဆွတ်ခြင်းပင် ဖြစ်၏။

မျက်နှာပေါက်မှာ ခံ့ညား၍ သူ၏ မျက်လုံးများမှာ မည်းနက်ပြီးလျှင် ဆံပင်၊ မုတ်ဆိတ်တို့ နှင့် လိုက်လျောလှ၏။ နှာခေါင်းမှာ ဖြောင့်စင်း ထင်ရှား၍ သူ၏ ပါးစပ်မှာ တစ်ကိုယ်လုံးတွင် အဆိုးဝါးဆုံးဟု ဆိုရပေမည်။ နှုတ်ခမ်း များမှာ ထူထဲ၍ အာရုံခံစားလိုစိတ်ကို ဖော်ပြလျက်ရှိရာ ထို့ကြောင့် လည်း နှုတ်ခမ်းမွေးထားရခြင်းဖြစ်ပေသည် ။

စေ့စေ့စပ်စပ် အကဲခတ်တတ်သူတစ်ယောက်အဖို့ သူ၏ မျက်နှာကို မြင်ရလျှင် ဖယောင်းဖြင့် ထုလုပ်ထားသော အပေါ်ယံမျက်နှာကိုသာ မြင်ရ၍ မျက်နှာမှာ ဤကဲ့သို့ အသက်ဝင်လျက်ရှိသော်လည်း အစစ်အမှန်မှ

ထိုဖယောင်းရုပ် မျက်နှာဖုံးအောက်တွင် သဘာဝ အစစ်အမှန် တကယ့် လူသား တစ်ယောက်ကို မြင်ရပေမည်။ ထိုလူသား၏ အတွင်းစိတ်ကို ကား သိနိုင်စွမ်းမရှိချေ။

ယခုဝတ္ထု စ၍ ဖွင့်သည့် အချိန်၌ လူများ သည် ခံ့ညားထည်ဝါသော အခန်းကြီး၌ ထိုင်နေသည့် ဆာရောဘတ်ကိုသာ အပြင်ပန်းအားဖြင့် မြင်ကြ ရ၏။

သူသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်၍ နေရာမှ -

"ဘုရား ... ဘုရား ... ဒီအချီရတာ တယ်ဟုတ်ပါလား။ ငါ့အလုပ်က အောင်မြင်မှာ ပဲလေ။ ဟုတ်တယ် ... ဟုတ်တယ် ... မုချ အောင်မြင်ရ မယ်"

သူသည် စားပွဲတွင် ခေတ္တရပ်၍ လျှပ်စစ်မီးကို ဖွင့်လိုက်၏။ ထို့ နောက် စာတစ်စောင်၏ ကျောဘက်တွင် ခဲတံအပြာဖြင့် ဂဏန်းများကို ရေးချတွက်ချက်လျက်ရှိ၏။

"ဟုတ်ပြီ ...။ ငါ့ရှယ်ယာက ငွေသားပေါင်း တစ်သန်းတစ်သိန်းခုနစ် ထောင်။ နောက်ပြီး ရိုးရိုး အစုရှယ်ယာလက်မှတ် ဝယ်ထားတာက တန်ဖိုးငွေနှစ်သန်း။ ဒါကို လျှော့လျှော့ပေါ့ပေါ့ တွက်တောင် ခုနစ်သိန်း ငါးသောင်းလောက် အမြတ်နဲ့ ထုတ်နိုင်သေးတယ်။ ဒီဟာနဲ့ ငါ့မှာ ရှိပြီး သား တစ်သိန်းငါးသောင်းကို ထည့်တွက်ရင် အေးအေးလေး ငွေနှစ် သန်းလောက်တော့ ပိုင်နေတာပဲ။

"ဒါတောင် ရှယ်ယာအစုဈေးတွေတက်လိုက်ရင် ထပ်ပြီး ပွပေါက် တိုးနိုင်သေးတယ်။ ဒီတစ်ချီ တစ်ပွဲတစ်လမ်း စမ်းပြီးရင်တော့ ဒီအလုပ် တွေငါ နောက်ထပ် မလုပ် တော့ပါဘူး။ အနှစ် ၂၀ လုံးလုံးလုပ်ခဲ့တာ တော်လောက်ပြီ။ အင်း ... လွန်ခဲ့တဲ့ ၁၈ နှစ်လောက်ကဆိုရင် ငါဟာ ဒေ

ဝါလီခံရမလောက် ဖြစ်ခဲ့တယ်။ အဲဒီတုန်းက ငါ့လက်ထဲမှ ငွေငါးထောင်တောင် ဖြစ်ဖြစ် မြောက်မြောက် မရှိခဲ့ဘူး။ ငါ ဘယ်လိုလုပ် ချမ်းသာလာပြီး၊ ဘာကများ ငါ့ကို မစလိုက်ပါလိမ့်"

ဟု တစ်ကိုယ်တည်း စိတ်ထဲမှ ရေရွတ်လျက်ရှိ၏။

သူ၏ အခန်းတစ်ဖက်သို့ လျှောက်သွားပြီးနောက်"ဗိနတ်" ရုပ်တုရှေ့၌ ရပ်ကာ -

"ငါ့ကို မစတာဟာ ဒီရုပ်တုတော့ မဟုတ်ပါဘူး။ သူဟာ ဘယ်လူသားကိုမှ ချမ်းသာအောင် လုပ်မပေးဖူးပါဘူး"

ဟု စိတ်ထဲမှ ရေရွတ်ကာ အခန်း၏ အခြားဘက်အစွန်သို့ လျှောက်သွားပြန်၏။ ထိုနေရာမှ အတန်ငယ် မှောင်ရိပ်ကျနေ၏။ ထိုနေရာတွင် ကျောက်သားခုံတစ်ခုရှိ၍ ခုံပေါ်တွင် ခပ်မှိန်မှိန် အရောင်ထွက်နေသော ရုပ်တုတစ်ခုရှိ၏။ သို့သော် မှောင်ရိပ်ကျနေသဖြင့် မည်သည့် အရာကိုမျှ သဲသဲ

ကွဲကွဲ မမြင်ရချေ။ ရုပ်တု၏ အရောင်မှာ အဝါရောင်ဖြစ်၍ ဖားပြုပ်တစ်ကောင်ကဲ့သို့ အသွင်အပြင်ရှိသည် ဟု သာ သိနိုင်၏။

သူသည် ထိုရုပ်တုကို စိတ်ဝင်စားနေဟန်ဖြင့် တစ်ခဏမျှ စူးစိုက်ကြည့်ရှုလျက်ရှိနေ၏။ သို့နှင့် သူသည် အနီးမှ ဓာတ်မီးခလုတ်တစ်ခုကို ဖွင့်လိုက်ရာ ထိုအခါမှ ရုပ်တု၏ ပုံသဏ္ဍာန်ကို ကွဲပြားစွာ မြင်ရတော့၏။ ရုပ်တုမှာ အမျိုးအမည်မခွဲခြားနိုင်သော လိင်နှင့် ကိုယ်ရှိပြီးလျှင် အလွန်ပင် အကျည်းတန်လှ၏။

ဦးခေါင်းမှာ မိန်းမဦးခေါင်းဖြစ်ပြီးလျှင် မြင့်မားသော ပခုံးနှစ်ဖက်ကြားတွင် နိမ့်ဆင်း ကျုံ့ဝင်လျက်ရှိ၏။ မျက်နှာလှပသော်လည်း ထိတ်

လန့် ကြောက်ရွံ့ဖွယ် ကောင်းသော အလှမျိုး ဖြစ်ပြီးလျှင် ဦးခေါင်းမှာ ပု ဝင်နေသောကြောင့် အထက်သို့ မော့ကြည့် နေသကဲ့သို့ ရှိ၏။ ထုလုပ်ပုံ လက်ရာမှာ အကြမ်းဖျင်းဖြစ်သော်လည်း မျက်နှာပေါ်တွင် ရက်စက်ခြင်း ၊ ကြမ်းကြုတ်ခြင်း၊ လူမဆန်ခြင်း စသည့် သဘောတရားများ ပေါင်းစပ် ပေါ်လွင် နေသကဲ့သို့ ရှိ၏။

မျက်နှာမှာ ရွှေသားပကတိဖြစ်၍ ရုပ်တုတွင် ကိုယ်ထည်ဟူ၍ မရှိ ဘဲ ဦးခေါင်း၏ အောက်ပိုင်း၌ ခြေထောက်သဏ္ဌာန်ထုထားသော အချော င်းကလေးများ အပေါ်တွင် ရေတွင် မျော နေသကဲ့သို့ တလှုပ်လှုပ် ဖြစ် နေ၏။ မျက်နှာမှာ ခွက်ဝင်လျက် ခြေထောက်များမှာ မူ ဖားပြုပ်တစ် ကောင်၏ ခြေထောက်များ နှင့် တူလေသည် ။

မစ္စတာရောဘတ်အေး(လ်)ဝဒ်သည် ရုပ်တုကိုကြည့်ကာ -

"နင်ဟာ တကယ်အရုပ်ဆိုးတဲ့ အကောင်ပဲ။ ငါဟာ လောကကြီးမှာ ဘယ်ဟာမှ ယုံကြည်တဲ့ ကောင် မဟုတ်ဘူး ။ ငါယုံကြည်တာက ဗြိတိသျှလူထုတွေဟာ မိုက်တွင်းနက်တယ် ဆိုတာကိုပဲ ယုံကြည်တယ်။ သို့ပေမဲ့နင့်ကိုတော့ ရုံးခန်းထဲကို ဗာဒွန်ယူလာတဲ့ နေ့ကစပြီး ယုံကြည် တယ်။ ဘာဖြစ်လို့ လဲ ဆိုတော့ အဲဒီအချိန်ကစပြီး ငါလည်း ကံထလာ တာပဲ။ နင့်မျက်နှာမှာ ပြုံးနေသေးတာ မြင်ရတော့ ငါ့ကံ ထမြဲထနေဦး မှာ ပဲ။

"ဒါ့ထက် ... နေပါဦး၊ နင့်မျက်လုံးထဲက ကျောက်တွေဟာ ဘာကျော က်တွေပါလိမ့်။ ကြောင်မျက်ရှင်တွေများ လား၊ ဒါကြောင့် အရောင် ခဏ ခဏ ပြောင်းနေတာနဲ့ တူတယ်။ ဒီကနေ့ မျက်လုံးတွေ ထူးထူးခြားခြား တောက်ပနေတယ်။ ဒီလို တစ်ခါမှ အရင်က မတောက်ဖူးဘူး။ ဒီတော့

ငါ ... "

ဟု စိတ်ထဲမှ ရေရွတ်နေ၏။

ထို့နောက် သူသည် မီးခလုတ်ကို ပိတ်၍ မီးလင်းဖိုဆီသို့ လျှောက်လာစဉ် အပြင်မှ တံခါးခေါက်သံတစ်သံ ကြားလိုက်ရ၏။"ဝင်ခဲ့လေ"ဟု ပြောလိုက်သည် တွင် တံခါးပွင့်လာ၍ စာရေးတစ်ယောက် ဝင် လာလေသည် ။

စာရေးမှာ ခံ့ညားသောအသွင်ရှိ၍ ဆံပင်များ ဖြူနေပြီ ဖြစ်၏။

အပေါ်ဝတ်အင်္ကျီရှည် ဝတ်လုံကြီးကို ဝတ်ပြီးလျှင် သားရေပြောင်ဖိနပ်ကို စီးထား၏။ သူသည် ဆရာဖြစ်သူ ဆာရောဘတ်ထံသို့ ရောက် လာပြီးလျှင် ဦးခေါင်းကို ညွှတ်ပြီးနောက် ဆရာဖြစ်သူ၏ အမိန့်ကို စောင့်ဆိုင်းနေသည့် ဟန်ဖြင့် ရပ် လျက်ရှိနေ၏။ ဆာရောဘတ်သည် စာရေးကြီး၏ ဦးခေါင်းပေါ်သို့ ကျော်၍ ကြည့်ရာမှ သူ၏ မျက်လုံးများကို ကြည့်ပြီးလျှင် ...

"ခင်ဗျားကို ကျုပ် မခေါ်ပါ ကလား ... ဂျက်ဖရီ(စ)"

"ဟုတ်ပါတယ် ... မခေါ်ပါဘူး ဆာရောဘတ်"

စာရေးကြီးသည် မင်းမျိုးမင်းနွယ်တစ်ဦးကို ပြောနေသည့် အလားကိုယ်ကို ကိုင်းညွှတ်၍ ပြောလိုက်၏။

"ဒါပေမဲ့"ဆင်းနစ်" သတင်းစာထဲမှာ ပါတဲ့ ဆောင်းပါးနဲ့ ပတ်သက်တဲ့ ကိစ္စလေးကို ပြောစရာရှိလို့ ပါ"

"ဒါက သတင်းစာနဲ့ သက်ဆိုင်တဲ့ ကိစ္စပဲ။ ဒါလောက်ကြာအောင် ဒီမှာ အလုပ်လုပ်ပြီးမှ ဒီလိုကိစ္စတွေ ကျုပ် မကိုင်ဘူးဆိုတာ ခင်ဗျား သိဖို့ကောင်းတယ်။ ဒီကိစ္စကို မစ္စတာဟက်စဝဲနဲ့ ဖြစ်ဖြစ်၊ မေဂျာဗာဒွန်ကိုဖြစ်ဖြစ် သွားတွေ့ချေ"

"သူတို့ နှစ်ယောက်စလုံး အခု မရှိကြပါဘူး ခင်ဗျား"

"ဒီလိုဆိုရင် ... ပြောဗျာ၊ ဒါပေမဲ့ တိုတိုတုတ်တုတ် ... ပြော"

စာရေးကြီးသည် ပုံနှိပ်စက်ဖြင့် ရိုက်ထားသော မိတ္တူကို ဖတ်ပြရာ ဆောင်းပါး၏ အစတွင် "ဆာဟာရလီမိတက်" ဟု ပါရှိ၏။ ထို့နောက် ဆက်လက်၍ "ကန္တာရကြီးအသွင် ပြောင်းလဲ၍ ပင်လယ်ပြင်ကြီးအဖြစ် ရောက်စေပြီးလျှင် နိုင်ငံတကာနှင့် ကူးသန်းသွားလာ ရောင်းဝယ်နိုင်စေမည်။ ကမ္ဘာ့မြေပြင်ဝယ် လူသူနေထိုင်ခြင်းမရှိသည့် နယ်ပယ်ဒေသများကို လူများ ဖြင့် ပြည့်သွားအောင် စည်ကား သာယာလာစေမည့် စီမံကိန်းကြီးကို ရေးဆွဲပြီးစီးသွားပြီ ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာ ကုန်ကျမည့် ငွေကြေးကိစ္စများကို အသေးစိတ် ရေးဆွဲပြီးပြီဖြစ်၍ ငွေပင်ငွေရင်း မြှုပ်နှံလိုသူများအား ရက်များ မကြာမီအတွင်း တင်ပြတော့မည်ဖြစ်ကြောင်း အသေးစိတ် အကြောင်းအရာများကို -

ဤနေရာသို့ရောက်လျှင် ဆာရောဘတ်သည် မျက်ခုံးကို တစ်ချက်ချီလိုက်ပြီးနောက်-

"နေပါဦး ... ဒီလိုပျင်းစရာကောင်းပြီး ဘာမဟုတ် ညာမဟုတ် ဆောင်းပါးကို ဘယ်အထိ ဖတ်နေဦးမလဲ ... ဂျက်ဖရီ(စ)"

"ပြီးလုပါပြီ ... ဆာရောဘတ်၊ ဒီဆောင်းပါးကိုထည့်ဖို့ "ဆင်းနစ်" ကို ဂီနီ ၃၀ ကျွန်တော်တို့ ပေးပါတယ်။ သူတို့ က ဂီနီ ၂၀ ထပ်ပြီးပေးရမယ့်လို့ တောင်းနေပါတယ်"

"ဘာကြောင့် လဲ ... ဂျက်ဖရီ(စ)။ ဘာကြောင့် တဲ့ လဲ"

"ဘာကြောင့် လဲဆိုတော့ ဆရာကြီးကို မှန်တဲ့ အတိုင်း ပြောပ့ါမယ်။

သူတို့ ရဲ့ ကြော်ငြာ အယ်ဒီတာက ဆာဟာရ လီမိတက်ဟာ အမျိုးသား ရေးရာ၊ တိုင်းပြည်ရေးရာ အလိမ်အညာကြီးလို့ ယုံနေပါတယ်။ လူမျိုးနဲ့ အင်ပါယာ

ကြီးကို ဒီ အလိမ်အညာထဲ မထည့်သွင်းချင်ဘူးလို့ ပြောနေပါတယ်"

ဆာရောဘတ်က အတန်ငယ်ပြုံးလျက် -

"သြော် ... သူတို့ က ဒီလိုပဲပြောသလား၊ ဆောင်းပါးကလည်း

အတော့်ကို အမွှမ်းတင်ထားတာကိုး။ ကဲပါလေ ... တောင်းတာသာ ပေးလိုက်

ပါ။ ဒါထက် ဒီလိုအသေးအဖွဲ့ ကိစ္စကလေးနဲ့ များ ကျုပ်ဆီကို ဘာ ဖြစ်လို့ လာ နှောင့်ယှက်ရတာလဲ"

"မဟုတ်ပါဘူးခင်ဗျား ... ဒါထက်အရေးကြီးတဲ့ ကိစ္စလည်း ရှိပါသေး တယ်။ ဒေလီဂျပ်(ဂျ) သတင်းစာကတော့ လုံးဝ ထည့်မပေးဘူးလို့ ပြော နေပါတယ်။ ကျွန်တော်တို့ ဆောင်းပါးကိုရော ကြော်ငြာကိုရောပဲ။ နောက်ပြီးတော့ ကျွန်တော်တို့ ရဲ့ စီမံကိန်းကြီးကိုရော အပြင်းအထန် ဝေဖန်မယ်လို့ လည်း ပြောနေပါ တယ်"

"သြော် ... ဟုတ်လား။ အင်း ... ဒါကတော့ အရေးကြီးတာပဲ။ ဘာ ဖြစ်လို့ လဲဆိုတော့ ဒီသတင်းစာဟာ မှားပြီးရေးတောင်မှ လူတွေက ယုံ နေ ကြတာ။ ဒီတော့ ကြော်ငြာခ သုံးဆပိုပေးပြီး ထည့်ခိုင်းလိုက်ပေါ့"

"ပေးကြည့်ပြီးပါပြီ ... ဆရာကြီး၊ ဒါပေမဲ့ လက်မခံပါဘူး"

ဆာရောဘတ်သည် အဝါရောင်ရုပ်တုရှိရာ အခန်းထောင့်သို့ သွား ပြီးလျှင် ရုပ်တုကို တစ်ခဏမျှ ကြည့်ရှုလျက်ရှိ၏။ သူကြည့်ပုံမှာ ကိစ္စ တစ်ခုခုကို စဉ်းစားနေချိန်၌ အခြားအကြောင်းတစ်ခုကို လေ့လာ နေသ

ကဲ့သို့ ကြည့်ပုံမျိုး ဖြစ်၏။ သူသည် ရုတ်တရက် သတိရသကဲ့သို့ နောက်သို့ ပြန်၍ လှည့် ကာ -

"ကောင်းပြီလေ ... မေဂျာဗာဒွန် ပြန်ရောက်လာရင် ကျုပ်ဆီကို ဝင်လာဖို့ ... ပြောလိုက်၊ ကြားလား"

စာရေးကြီးထွက်သွားသောအခါ ဆာရောဘတ်သည် မိမိကိုယ်မိမိ ပြောသကဲ့သို့ .-

"အင်း ... ဂျပ်(ဂျ) သတင်းစာအယ်ဒီတာ"ဂျက်ကဆင်" ဟာ ဗာဒွန့်အဖေ ဆာဝီလျံဗာဒွန် (ဂျီ-စီ-ဘီ) နဲ့ အင်မတန် ရင်းနှီးတာပဲ။ သူ့နှမနဲ့ တောင် အရင်က စေ့စပ်တယ်လို့ ကြားဖူးတယ်။ ဒီတော့ အခုသူများ မတတ်နိုင်တဲ့ ကိစ္စမှာ ဗာဒွန်ကိုလွှတ်ပြီး အပြောခိုင်းဦးမှ ပဲ ။ အဘိုးကြီးကို ကိုယ့်ဘက်ပါအောင် ဆွဲဖို့ ပေါ့လေ။ ဒါပေမဲ့ တစ်ခုရှိတာက ဒီသူငယ်ကို တယ်ပြီး စိတ်မချ ရဘူး။

"သူ့ကို ရှယ်ယာတစ်ခု ပေးထားတာကတော့ သူဟာ အင်ဂျင်နီယာလည်း ဖြစ်၊ နယ်မြေဒေသကိုရော ကျွမ်းကျင်လို့ ။ ပြီးတော့ ဆဟာရစီမံကိန်းကြီးပေါ့။ အခုတော့ သူက ခြေရာဖျောက်ချင်သလို ဖြစ်နေပြီး အတွင်းရေးတွေ သိချင်သလို ဖြစ်နေတယ်။ စိတ်ကလည်း မသိုးမသန့် ဖြစ်နေပုံရတယ်။ ဟာ ... ဗာဒွန်လာနေပြီ"

ဟု စဉ်းစားလျက်ရှိရာမှ သူ၏ အတွေးကို ရပ်လိုက်၏။

ဆာရောဘတ်သည် စားပွဲတွင် ဝင်၍ ထိုင်လိုက်ပြီးနောက် ယခင်က ရေးထားသည့် ဂဏန်းများကို ပြန်လည်တွက်ချက် လျက်ရှိနေ၏။ ထိုအချိန် တွင် အပြင်မှ စာရေးများ နှင့် အားပါးတရ ပြောဆိုနေသည့် ကြည်လင်သော အသံကို ကြားရပြီးနောက် မြဲမြဲလေးနက်သော ခြေလှမ်းကြဲကြီးများ ဖြင့် အလန်ဗာဒွန်သည် အခန်းတွင်းသို့ ဝင် လာ

လေသည် ။

သူသည် အသက် ၃၂-၃၃ နှစ်မျှသာရှိသေးသော လူရွယ်တစ်ဦး ဖြစ်၏။ သို့သော် အသက်အရွယ်နှင့် မလိုက်အောင် သူ့အဆင့်အတန်းတွင် ရှိသော အခြား အင်္ဂလိပ် အမျိုးသားများ နှင့် မတူ မာမာကြမ်းကြမ်း အသားအရေ နီနီမြန်းမြန်းမဟုတ်။ အနောက်အာဖရိကတွင် စစ်မှုထမ်းနေစဉ်က ဆီးမှ သွေးဆင်းသော ရောဂါကပ်ရောက်ခဲ့ဖူးသဖြင့် သူကဲ့သို့ ကျန်းမာသန် စွမ်းသူမဟုတ်က အသက်ကိုပင် သေစေနိုင်၏။

ဤသို့ဖြင့် မျက်နှာမှာ လန်းလန်းဆန်းဆန်းမဟုတ်ဘဲ အသားအရေ ဝါကြန်ကြန် ဖြစ်နေ၏။ သူ၏ မျက်နှာမှာ ရိုးသားခြင်းကို ဖော်ပြလျက် စိတ်အားထက်သန်သော်လည်း အခိုက်အတန့်အားဖြင့် စိတ်ရှုပ်နေပုံရ၏။ သူသည် စိတ်ကူးကောင်းသလောက် အမှန်တရားကို ရှာဖွေနေပါလျက် မတွေ့ရသေးသကဲ့သို့ အမူအရာမျိုးရှိ၏။သူ့တွင် ရှိသည့် နှစ်လိုဖွယ်ကောင်းသော အချက်မှာ ပွင့်လင်းသောအပြုံးနှင့် ဝိုင်းစက်သော မျက်လုံးညိုကြီးများ ပင် ဖြစ်တော့၏။ မျက်လုံးကြီးများ အထက်တွင် ကျယ်ပြန့်သော နဖူးရှိ၏။ ပိန်သော်လည်း ကိုယ်လုံးကိုယ်ထည် ကြီး၍ ပခုံးကျယ်ပြီးလျှင် ခြေလက်ကြီးမား၏။ အရပ်အမောင်းမှာ ၆ ပေ မရှိတရှိ ဖြစ်လေသည် ။

ဤသည် မှာ အလန်ဗာဒွန်၏ ဥပဓိရုပ်ပင် ဖြစ်တော့၏။ သူ၏ အတွင်းစိတ်ကို ဖော်ပြရမည် ဆိုသော် လုပ်ငန်းဆောင်တာကိစ္စများ ၊ အထူးသဖြင့် အင်ဂျင်နီယာလုပ်ငန်းနှင့် ပတ်သက်၍ ထိုးထွင်းလုပ်ဆောင်နိုင်စွမ်း ရှိ၏။ စစ်ဖက်တွင် ကျင့်သားရလာသည့် အတိုင်း စစ်သားပီပီ လုပ်တတ်ကိုင်တတ်ရှိ၏။ ဘွင်းဘွင်းနှင့် ရှင်းရှင်း ပြောတတ်ပြီးလျှင် သနားကြင်နာ တတ်၏။

သူ့စိတ်မှာ လူတစ်ဖက်သားကို သက်ာမကင်း မရှိတတ်သည့် အားလျော်စွာ ပါးနပ်ခြင်းမရှိဘဲ တစ်ဖက်သား၏ အကျင့်ဆိုး အကျင့်ယုတ်

များကို ရုတ်တရက် မသိ။ သိပြန်လျှင်လည်း ရုတ်တရက်နှင့် မယုံတတ်ချေ။ ဤသို့သော အားနည်းချက်များကြောင့် သူသည် ငွေရှင်ကြေးရှင်များ ဖြစ်သူ မစ္စတာရောဘတ်နှင့် မစ္စတာဟက်စဝဲတို့ ထံ ရောက်လာခြင်းဖြစ်သည် ဟု ဆိုရပေမည်။ သူသည် လောလောဆယ်အားဖြင့် တစ်စုံတစ်ရာကို ကျေနပ်ပုံမရဘဲ နေမထိထိုင်မထိ ဖြစ်နေဟန်တူလေသည် ။

စားပွဲတွင် ထိုင်မိသောအခါ အလန်ဗာဒွန်က ဆာရောဘတ်အား"ကျွန်တော့်ကို တွေ့ချင်တယ်လို့ ဂျက်ဖရီ(စ)က ပြောလို့ ပါ"

ဟု စိုးရိမ်သောအကြည့်ဖြင့် ကြည့်ကာ ချိုသာသောအသံဖြင့် ခပ်တိုးတိုး ပြော လိုက်လေသည် ။

"ဟုတ်တယ် ... ဗာဒွန်။ ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး ပြောစရာရှိနေတယ်။ ကိစ္စကတော့ ခင်ဗျားလိုင်းတော့ မဟုတ်ပေဘူး။ ဒါနဲ့ ဂျပ်(ဂျ)သတင်းစာ အယ်ဒီတာအဘိုးကြီးဂျက်ကဆင်ဟာ ခင်ဗျားအဖေရဲ့ မိတ်ဆွေကြီးမဟုတ်လား"

"ဟုတ်ပါတယ် ... ကျွန်တော့်ဖခင်ရှိတုန်းက ခင်မင်ခဲ့တဲ့ မိတ်ဆွေကြီးပါ။ ကျွန်တော့်အနေနဲ့ ကတော့ နည်းနည်းပဲသိပါတယ်"

"ဟာ ... ဒါဆို တော်လောက်ပြီပေါ့။ ဒီအဘိုးကြီးဟာ အင်မတန် ကတ်သီးကတ်သတ် နိုင်တဲ့ လူကြီးဆိုတာ ခင်ဗျားလည်း ကြားဖူးမှာ ပေါ့။ သူက ကျုပ်တို့ ရဲ့ ဆာဟာရစီမံကိန်းကြီးကို မကြိုက်ဘူးတဲ့ ။ တစ်ယောက်က သူ့ကို သွေးထိုးပေးထားပါလိမ့်မယ်။ ဒါကြောင့် ကျုပ်တို့ ကြော်ငြာ

တွေကို လက်မခံတဲ့ အပြင် ကျုပ်တို့ ကိုတောင် ဝေဖန်မယ်လေး ဘာလေး လုပ်နေတယ်လေ။

"ဂျပ် (ဂျ) သတင်းစာမကလို့ ဘယ်သတင်းစာထဲကပဲ အတိုက်အခံလုပ်လုပ်၊ ကျုပ်တို့ ပြုတ်မသွားနိုင်ပါဘူး။ လိုအပ်တယ်ဆိုရင် ကျုပ်တို့ကလည်း ပြန်ချရမှာ ပဲ။ ဒါပေမဲ့ ရန်သူဟာ ကိုယ့်လမ်းမှာ ရှိနေရင် သူနဲ့တည့်အောင်လုပ်တာဟာ လမ်းမှန်ပဲ။ ကိုင်း … တိုတိုပြောရမယ်ဆိုရင် ခင်ဗျား သူ့ကိုသွားပြီး သူမှားနေတယ်ဆိုတဲ့ အကြောင်း သွားပြောပေးပါလား"

မေဂျာဗာဒွန်သည် အဖြေမပေးမီ ပြတင်းပေါက်ဆီသို့ ခေတ္တသွား၍ ရပ်ကြည့်ကာ စားပွဲဆီသို့ ပြန် လာပြီးနောက် -

"ကျွန်တော်ဟာ မိဘဆွေမျိုးတွေရဲ့ မိတ်ဆွေတွေထံက လက်ဖြန့်တောင်းခံချင်တဲ့ စိတ် မရှိပါဘူး။ နောက်ပြီး ဒီကိစ္စဟာ ကျွန်တော့်လိုင်းမဟုတ်ဘူး ဆိုတာလည်း အခုတင်ကပဲ ပြောတယ်မဟုတ်လား။ ဒါပေမဲ့ အင်ဂျင် နီယာလုပ်ငန်းနဲ့ ပတ်သက်ရင်တော့ သွားပါ့မယ်လေ"

ဟု ပြောလိုက်၏။

"ဘာနဲ့ ပတ်သက်တယ်ရယ်လို့ တော့ ကျုပ်မသိဘူး။ ခင်ဗျားဘာသာ ခင်ဗျား သုံးသပ်ကြည့်မယ် ဆိုရင်တော့ ကျေးဇူးတင်ရမှာ ပဲ။ ဒီလိုကိစ္စမျိုးကို ကျုပ်တို့ သူ့အလုပ်ကိုယ့်အလုပ် ကဏ္ဍခွဲနေလို့ မဖြစ်ဘူး။ တစ်ခုတော့ ရှိတယ်ပေါ့လေ …။ ဒီလောက်ကြီးကျယ် အရေးပါတဲ့ လုပ်ငန်းမှ ကိုယ့်ဆိုင် ရာဌာနကို ကိုယ်က အုပ်ချုပ် လုပ်သွားရတယ်။

"ဒါပေမဲ့လို့ ဒီလုပ်ငန်းကြီးတစ်ခုလုံးကို ကျုပ်တို့ အားလုံး အညီအမျှ တစ်ဦးချင်းပဲဖြစ်ဖြစ်၊ စုပေါင်းလို့ ပဲဖြစ်ဖြစ် တာဝန်ရှိကြတယ် မဟုတ်လား၊ ဒီအကြောင်းကို ကိုယ့်လူက သတိရပုံမပေါ်ဘူးနဲ့ တူတယ်"

ဟု ဆာရောဘတ်က လေးလေးနက်နက် ပြော လိုက်လေသည် ။

မေဂျာဗာဒွန်မှာ "ကိုယ့်လူက" ဟု ရင်းနှီးစွာခေါ်လိုက်သော စကားကြောင့် ပေလောမသိ၊ တုန်လှုပ်သွားပုံရ၏။ အဘယ်ကြောင့် ဆိုသော် ဆရာရောဘတ်မှာ လူကြီးဖြစ်သည့် ပြင် သူကောင်းပြု မှူးမတ်တစ်ဦးလည်း ဖြစ်ပြီး ဗာဒွန်မှာ ပင်စင်စား အင်ဂျင်နီယာဗိုလ်မှူးကလေးသာ ဖြစ်၍ သူတို့ နှစ်ဦး၏ ကွာဟချက်မှာ ကြီးမားလှ၏။

သူတို့ နှစ်ဦး၏ လူနေမှုအဆင့်အတန်းနှင့် တကွ ပတ်ဝန်းကျင်မှာ တစ်ကမ္ဘာစီဟု ဆိုလောက်၏။ ဤကမ္ဘာနှစ်ခုကို ဆက်စပ်ပေးရန် ပေါင်းကူးလည်း မရှိ၊ ဆက်စပ်ပေးလိုစိတ်လည်း နှစ်ဖက်စလုံး၌ ရှိကြဟန်မတူချေ။

သို့နှင့် မေဂျာဗာဒွန်က -

"ဒီအချက်ကို ကျွန်တော် သတိရပါတယ်။ မကြာမီကပဲ ဆိုပါတော့ ခင်ဗျာ"

ဟု ဖြည်းညင်းစွာ ပြော လိုက်လေသည် ။

"ကောင်းပြီလေ ... ကျုပ်ကား အပြင်မှာ ရှိတယ်။ ဖလစ်လမ်းကို ခေါ်သွားပေးလိမ့်မယ်။ မသွားခင် ခင်ဗျားလာမယ့်အကြောင်း ဖုန်းဆက်ပြီး အကြောင်းကြားထားပေ့ါ။ ခင်ဗျား ပြန်ရောက်လာရင်တော့ ကျုပ်တို့ ကို ဝင်ပြီး တွေ့ပါဦး။ ဒီကနေ့ည ကျုပ်ပါလီမန်ကို သွားစရာမရှိဘူး။ ညထမင်းစားချိန်အထိ ဒီမှာ ပဲ ရှိနေမယ်။

"ခင်ဗျားရဲ့ အစ်ကိုဝမ်းကွဲ ဟက်စဝဲလည်း ရှိနေလိမ့်မယ်။ ဟိုခွေးဘီလူး ဂျက်ကဆင်ကြီးကို တစ်နည်းနည်းနဲ့ ပါးစပ်ပိတ်ပေးလိုက်ပါ။ သူ့မှာလည်း အထိုက်အလျောက် တန်ဖိုးတော့ရှိတာပဲ။ သူ့တန်ဖိုးကို ဆစ်မနေ

နဲ့ ။

နောက်တစ်ပတ် နှစ်ပတ်လောက်အတွင်းမှာ ကျုပ်တို့ လည်မျိုကို သူ တက်ပြီး နင်းမထားစေချင်ဘူး"

နောက် ၁၀ မိနစ်အကြာ၌ ဂီနီနှစ်ထောင်တန် မော်တော်ကားကြီး သည် ဂျပ်(ဂျ) သတင်းစာတိုက်ရှေ့တွင် ထိုး၍ ရပ်လိုက်၏။ ကားထဲတွင် ပါလာသောအစေခံက ရိုသေစွာ တံခါးကိုဖွင့်ပေးလေသည် ။ သတင်းစာ တိုက်

အတွင်းသိုရောက်သောအခါ ဝက်ခြံနှင့် တူသော နေရာအတွင်းမှ သူ ငယ် တစ်ယောက်က မေဂျာဗာဒွန်အား ကိစ္စကိုမေးမြန်း၍ ပြောလိုက်ရာ တတိယအထပ်ရှိ အယ်ဒီတာကြီးနေသည့် အခန်းတွင်းသို့ သွားရန် အ သေးစိတ် ညွှန်ပြလိုက်၏။

ညွှန်ပြသောနေရာသို့ ရောက်သောအခါ အယ်ဒီတာကြီး အခန်း အပြင်သို့ စာရေးတစ်ယောက်ကို တွေ့ရ၍ ထိုသူက တံခါးဖွင့်ပေးပြီး လျှင် မေဂျာဗာဒွန်အား အခန်းတွင်းသို့ ပို့လိုက်၏။ အခန်းမှာ ခပ်နွမ်း နွမ်းဖြစ်နေရုံမျှမက ပရိဘောဂများမှာ သပ်ရပ်ခြင်းမရှိဘဲ ဖရိုမရဲဖြစ်နေ သည် ကို မြင်ရ၏။ ကြီးမားသော စားပွဲကြီးတွင် အသက်ခပ်ကြီးကြီး လူ တစ်ယောက် ထိုင်လျက်ရှိရာ လူကြီးကိုယ်တိုင်မှာ လည်း သူ၏ အခန်း ကဲ့သို့ပင် ခပ်နွမ်းနွမ်း ရှိနေ၏။ သူသည် ဂယ်လီပရုစာရွက်တစ်ရွက်ကို လက်တွင် ကိုင်ကာ ငှေ့ယမ်းနေရင်းက သူ့လက်ထောက် အယ်ဒီတာ အား ကြိမ်းမောင်းနေပုံရသည် ။

ဆုံလည်ကုလားထိုင်ကို ရှေ့ဘက်သို့လှည့်ကာ -

"ဒါက ဘယ်သူလဲ။ ကျုပ်အလုပ်များ နေတယ်။ ဘယ်သူနဲ့ မှ မတွေ့နို င်ဘူး"

ဟု ပြော လိုက်လေသည် ။

"ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ။ ကျွန်တော့်နာမည်က မေဂျာဗာဒွန်ပါ "

"ဩော် ... ကျုပ်သတိရပြီ၊ ခဏလောက်ထိုင်ပါဦး။ (လက်ထောက် အယ်ဒီတာ ဘက်သို့လှည့်၍ ) ကဲ ... မစ္စတာ သောမတ်(စ) ဒီမဟုတ်တရုတ် ဟာကို ပြန်ယူသွား။ နောက်ပြီး ကျုပ် အကြမ်းရေးပေးထားတဲ့ အတိုင်း အကုန် အသစ်ပြန်ရေး"

လက်ထောက်အယ်ဒီတာ ပြန်၍ ထွက်သွားသောအခါ အယ်ဒီတာ အဘိုးကြီးသည် တစ်ကိုယ်တည်း ရေရွတ် နေသကဲ့သို့ -

"ဒီလူက စိတ်ချရတဲ့ လူ မဟုတ်ဘူး ။ ကျုပ်ဆီကို ပရလာပြလို့ သာ တော်သေးတာပေါ့"

ဟု ရေရွတ်လိုက်ပြီးလျှင် သူ၏ ကုလားထိုင်ကို လှည့်လိုက်ပြီး နောက် -

"ကိုင်း ... အလန် ဆိုစမ်းပါဦး၊ ခင်ဗျားကို ကျုပ် ၁၅ မိနစ်ပဲ အချိန် ပေးနိုင်မယ်။ ဒါနဲ့ နေပါဦး ... ကျုပ်တို့ နှစ်ယောက် နောက်ဆုံးတွေ့ခဲ့တာ ၁၂ နှစ်တောင် ကြာသွားပြီထင်တယ်။ ကျုပ် သတိတောင်မေ့နေပြီ။ အဲဒီ တုန်းက ခင်ဗျားဟာ ကလေးပဲရှိသေးတယ်။ အခုဆိုရင် [ဒီအက်(စ)အို " ဘွဲ့တွေ ဆုငွေတွေယူပြီး စစ်တပ်က ထွက်လိုက်တယ်မဟုတ်လား။ နောက်ပြီး ငွေ ရင်းကြေးရင်း မြှုပ်နှံပြီး ကစားတဲ့ အလုပ်ကို လုပ်နေတယ် ကြားတယ်။ အင်း ... ခင်ဗျား အဖေသာရှိရင်တော့ ဒီအလုပ်မျိုးလုပ်တာ ကြိုက်မှာ မဟုတ်ဘူး ။ ဒီဘက် လာလေ ကျုပ်တို့ စကားပြောကြ ရအောင်"

"ကျွန်တော်ဟာ စစ်တပ်က ထွက်တာမဟုတ်ပါဘူး ... မစ္စတာ ဂျက်ကဆင်။ ကျွန်တော် မကျန်းမာလို့ စစ်တပ်က ထုတ်ပစ်လိုက်တာပါ။

ဟို ... ဆီးရောဂါရပြီးတဲ့ နောက် ကျွန်တော်ဟာ ဘယ်တော့မှ ကျန်းမာမှာ မဟုတ်ဘူး လို့ ပြောကြတယ်။ နို့ပေမဲ့ ... အခု ကျွန်တော်ပြန်ပြီး ကျန်းမာလာပါပြီ"

"အင်း ... ကိုယ့်ဘဝကို ပထမစမယ်ကြံရုံရှိသေး ဒီလိုထွက်ခဲ့ရတာ ကံဆိုးတယ်ဆိုရမှာ ပေါ့။ နောက်ပြီး တက်လမ်းကလည်း ရှိသေးမဟုတ်လား။ စစ်ရုံးကဆိုရင်လည်း ခင်ဗျားကို အတော်ကြီး အထင်ကြီးပုံရတယ်။ ခင်ဗျားလည်း အခုကြီးလာတာ လူချောကြီးတစ်ယောက် ဖြစ်လာပါပကော၊ ခင်ဗျားအဖေနဲ့ တူတယ်။ နောက်တစ်ယောက်နဲ့ လည်း ပဲ တူသေးတယ်"

ဤသို့ပြောပြီး အယ်ဒီတာကြီးသည် သက်ပြင်းတစ်ချက်ချလိုက်၏။ ထို့နောက် ဆက်လက်၍ ...

"နို့ပေမဲ့ ... အဲဒီတစ်ယောက်ကိုတော့ ခင်ဗျား မှတ်မိတော့မယ် မဟုတ်ဘူး ။ ခင်ဗျား ငယ်ငယ်ကလေးထဲက ဆုံးသွားရှာတယ်။ ကိုင်း ... ကိုင်း ... ကျုပ်အလုပ်နဲ့ ပတ်သက်တာ ပြောရအောင်။ ဒီရုံးမှာ ရှေးဟောင်း နှောင်းဖြစ်တွေ ပြောနေဖို့ အချိန်မရှိဘူး။ ဘာကိစ္စလဲ ... အလန်၊ တခြားလူတွေလာကြသလို ခင်ဗျားလည်း တစ်ခုခုလိုချင်တယ် မဟုတ်လား"

မေဂျာအလန်က စိတ်မချတချဖြင့် ...

"ကိစ္စကတော့ ဆာဟာရစီမံကိန်းနဲ့ ပတ်သက်လို့ ပါပဲ ... မစ္စတာ ဂျက်ကဆင်"

အယ်ဒီတာကြီး၏ မျက်နှာကြီးမှာ မည်းခနဲ ဖြစ်သွားတော့၏။

"ဆာဟာရစီမံကိန်းကြီး ... ဟုတ်လား ... (ဤနေရာတွင် စကားကို ရပ်ပစ်လိုက်၏ ) နေပါဦး ... ခင်ဗျားနဲ့ ဒီစီမံကိန်းကြီးနဲ့ ဘယ်လို လာပြီး ပတ် သက်နေလို့ လဲ။ ဪ ... သတိရပြီး ကုမ္ပဏီထောင်တဲ့ အေး(လ)ဝ ဒ်နဲ့ ခင်ဗျား အစုစပ်လုပ်နေတယ်လို့ လူတစ်ယောက်က ပြောဖူးတယ်။ နောက်ပြီး ဟိုချမ်ပါး(စ)ဟက်စဝဲ ဆိုသူနဲ့ လည်း ပဲပေ့ါ။ တကယ်တော့ ဒီလူက ပိုပြီး လည်တယ်"

"ကိုင်း ... ကိစ္စဆိုစမ်းပါဦး"

"ဒီလိုပါ ခင်ဗျာ ... ဂျပ်(ဂျ)သတင်းစာက ကျွန်တော်တို့ ရဲ့ ဆောင်းပါး သာမက၊ ကုမ္ပဏီရဲ့ ကြော်ငြာကိုပါ လက်မခံဘူးလို့ သိရပါတယ်။ ဒီကိစ္စ နဲ့ ပတ်သက်ပြီး ကျွန်တော် ကိုယ်တိုင်တော့ များများ စားစား မသိပါဘူး။ ဒါပေမဲ့လို့ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် သွားလုပ်ချေပါဆိုပြီး ဆာ ရောဘတ်က ခိုင်းလို့ ကျွန်တော်လာခဲ့ရတာပါ"

"ဘာလဲ... ကျုပ်က ခင်ဗျားရဲ့ သားချင်းပေါက်ဖော်တွေနဲ့ ခင်မင် ရင်း နှီးလို့ သူက ခင်ဗျားကိုလွှတ်ပြီး ကျုပ်ကို ပြောခိုင်းတယ်ဆိုပါတော့။ အဲ . ..ခင်ဗျားကို ခိုင်းလိုက်တဲ့ အလုပ်က မဟန်တဲ့ အလုပ်။ ဒီတော့ မဟန်ဘဲ နဲ့ ခင်ဗျားပြန်သွားရမှာ ပဲ။ ဒီကုလားထိုင်မှာ ကျုပ်ထိုင်နေသမျှ ကာလပ တ်လုံး သတင်းစာတိုက်ပိုင်ရှင်တွေအပါအဝင် ဘယ်လိုလူကမှ ကျုပ်ကို ဆွဲဆောင် သိမ်းသွင်းလို့ မရဘူးဆိုတာ မှတ်ပါ"

တစ်ခဏမျှ ငြိမ်သက်လျက်ရှိရာမှ "အလန်" က-

"ဒီလိုဆိုလို့ ရှိရင်လည်း ကျွန်တော်ပြန်ပါတော့မယ်"

"ခင်ဗျားကို ကျုပ် ၁၅ မိနစ် အချိန်ပေးမယ်လို့ ပြောထားတယ်

မဟုတ်လား။ ခင်ဗျားရောက်နေတာ အခုမှ ၄ မိနစ်ပဲရှိသေးတယ်။ ကိုင်း ... အလန်ဗာဒွန် ကျုပ်ဟာ ခင်ဗျားအဖေရဲ့ မိတ်ဆွေဟောင်းကြီးအနေနဲ့ သဘောထားပြီး ပြောစမ်း။ ဒီရွှေချထားတဲ့ ဝက်ကောင်တွေနဲ့ ခင်ဗျား ဘာလို့ အပေါင်းအသင်း လုပ်နေရတာလဲ"

အဘိုးကြီးမေးလိုက်ပုံမှာ စိတ်ရောကိုယ်ပါ လှိုက်လှိုက်လှဲလှဲ မေးလိုက်ခြင်း ဖြစ်၏။ မေးခွန်းကား ကြမ်းတမ်း၏။ သို့သော် ဗာဒွန်မှာ မနာကျည်းချေ။

"အမှန်ကတော့ ဒီအကြံအစည်ဟာ ကျွန်တော်တို့ က စတင်တွေးတောမိတာ မဟုတ်ပါဘူး။ ဒါပေမဲ့လို့ ကန္တာရကြီးကို ရေနဲ့ ဖုံးလွှမ်းသွားအောင် လုပ်ဖို့ အကြံရတာကတော့ ကျွန်တော်ပါပဲ။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ကျွန်တော် ခွင့်ရတုန်း အဲဒီနေရာကိုသွားပြီး လည်ပတ်ခဲ့ပါတယ်။ အကြမ်းဖျင်းလည်း လေ့လာတွက်ချက်ကြည့်ခဲ့ပါတယ်။ ဒီနောက် ကျွန်တော်ဟာ စစ်တပ်က ထွက်ခဲ့ရတယ်။

"ကျွန်တော့်အဖေ ဆုံးပြီးတဲ့ နောက်"ဟာလေ" ကို သွားနေခဲ့တယ်။ ဒီဟာလေ အိမ်ကြီးဟာ ခု ကျွန်တော့်အိမ်ဖြစ်နေပါပြီ။ တန်ဖိုးတော့ သိပ်မရှိပါဘူး။ တစ်ခါတစ်ခါ ငှားခကလေးတော့ ရပါတယ်။ အိမ်ပြင်ဖို့ စရိတ်လောက်ပဲရပါတယ်။ ကျွန်တော်နေတုန်းက ကျွန်တော့်အမေဘက်က အမျိုးတော်တဲ့ ဝမ်းကွဲအစ်ကို ချမ်ပါး(စ)ဟက်စဝဲနဲ့ တွေ့ပါတယ်။ ကျွန်တော့် စိတ်ကူးကိုပြောတော့ သူက အေး(လ)ဝဒ်နဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပါတယ်။ အဆုံးကျတော့ သူတို့ လုပ်ငန်းမှာ ကျွန်တော့်ကို ပါတနာအဖြစ် ပါဝင်ဖို့ ပြောတော့ ကျွန်တော်လည်း အစုရှယ်ယာ နည်းနည်းပါဝင်ရပါတယ်။ ဘာကြောင့် လဲဆိုတော့ ကျွန်တော့်လိုလူမျိုးကို သူတို့ အလိုရှိနေလို့ ပါပဲ"

"သြော် ... ခင်ဗျားက သူတို့ အလိုရှိနေတဲ့ လူတဲ့ လား။ အင်း ...ခင်ဗျားက ဗာဒွန်မျိုးဆက်ထဲက နောက်ဆုံးကျန်တဲ့ လူ၊ ရပ်ရွာထဲမှာ ဆွေစဉ်မျိုးဆက် နာမည်တစ်လုံးနဲ့ နေခဲ့တဲ့ အင်ဂျင်နီယာ။ နာမည်ပျက် ဆိုလို့ ဘာမှ မရှိတဲ့ လူ၊ လုပ်ရည်ကိုင်ရည်ရှိတဲ့ လူ၊ သူတို့ အလိုရှိနေတဲ့ လူဟာ ဒီလိုလူမျိုးဖြစ်ရမှာ ပေါ့"

"နေပါဦး ... ဘာဘရာချမ်ပါး(စ)နဲ့ ကော တွေ့ဖူးသလား။ ကျုပ်က တော့ တစ်ခါလောက် တွေ့ဖူးတယ်။ အလွန်တော်တဲ့ မိန်းကလေးပဲ။ ချောလည်း အင်မတန်ချောတယ်။ ခင်ဗျား သူ့ကိုသိမှာ ပါပဲ။ သူ့ ဦးလေး က အုပ်ထိန်းထားတယ်လေ။ နောက်ပြီး"ယာလီ" နဲ့ သူတို့ နေတဲ့ နေရာ နဲ့ က သိပ်ပြီးမဝေးဘူးလို့ ခင်ဗျားပြောတယ်မဟုတ်လား။ ဒီတော့ ခင်ဗျားနဲ့ လည်း အဆက် အသွယ် ရှိမှာ ပါပဲ"

ဘာဘရာဟူသောအမည်ကို ကြားလိုက်သည် တွင် မေဂျာဗာဒွန်မှာ အတန်ငယ် တုန်လှုပ်သွားပြီးနောက် မျက်နှာမှာ ရဲခနဲဖြစ်သွား၏။

"ဟုတ်ပါတယ် ... ကျွန်တော် သူ့ကို တွေ့ပြီးပါပြီ။ ကျွန်တော်နဲ့ လည်း အဆက်အသွယ်ရှိပါတယ်"

"တစ်နေ့မှာ သူက အမွေတွေ အများကြီးရစရာရှိတဲ့ သူငယ်မ။ ဒီကို စ္စကို အေး(လ)ဝဒ် သိတယ်နဲ့ တူတယ်။ ဘာပဲဖြစ်ဖြစ်လေ ... သူငယ်မကို ကျုပ်တွေ့တုန်းက အေး(လ)ဝဒ်ကတောင် သူ့ကိုရစ်နေတာပဲ"

ထိုအကြိမ်တွင် ဗာဒွန်မှာ သိသိသာသာ တုန်လှုပ်သွားလေ သည် ။

"အလုပ်လုပ်တာကတော့ သဘာဝကျပါတယ်လေ။ အခြေအနေ အရ ပေါ့။ ဒါပေမဲ့လို့ ခင်ဗျား ကျုပ်စကားကို နားထောင်မယ်ဆိုရင် အကြံ တ စ်ခု ပေးချင်တယ်။ ဒါက ဘာလဲဆိုတော့ မြန်နိုင်သမျှ မြန်မြန်ကြီး သူတို့ လုပ်ငန်းက ထွက်ပစ်လိုက်ပါ"

"ဘာကြောင့် လဲ ခင်ဗျာ"

"ဘာကြောင့် လဲဆိုတော့ ခင်ဗျားနာမည်ကို လူများ ရဲ့ တံတွေးခွက်မှာ ပက်လက် မမျောစေချင်လို့ ပဲ"

သို့ပြောပြီးနောက် အဘိုးကြီးသည် အံဆွဲတစ်ခုအတွင်းမှ လက်နှိပ်စက်ဖြင့် ရိုက်ထားသည့် စာရွက်တစ်ရွက်ကို ဆွဲထုတ်လိုက်၏။

"ကဲ ... ဒါကို ယူသွား။ အေးအေးဆေးဆေး လေ့လာကြည့်။ ဒါဟာ အေး(လ)ဝဒ်နဲ့ ချမ်ပါး(စ)ဟက်စဝဲတို့ ရဲ့ ငွေရေးကြေးရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ရာဇဝင်အကျဉ်းချုပ်ပဲ။ လူတစ်ယောက်က စုဆောင်းပြီး ရေးထားတာ။ ဒီအထဲမှာ သူတို့ ထူထောင်လိုက်တဲ့ ကုမ္ပဏီတွေအကြောင်း၊ သူတို့ နဲ့ အဆက်အသွယ်ရှိတဲ့ ကုမ္ပဏီတွေအကြောင်း၊ ဒါတွေ နောက်ဆုံး ဘာဖြစ်ကုန်တယ် ဆိုတဲ့ အကြောင်း၊ ဒီကုမ္ပဏီမှာ ရှယ်ယာဝင်တဲ့ လူတွေ ဘာ ဖြစ်ကုန်ကြတယ်ဆိုတဲ့ အကြောင်းတွေ အစုံအလင်ပါတယ်။

သြော် ... ဒါနဲ့ ပြောရဦးမယ်။ ဆဟာရလုပ်ငန်းနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင် ခင်ဗျားအနေနဲ့ ကတော့ အားလုံးကောင်းတယ်လို့ ထင်နေတယ်။ အင်ဂျင်နီယာလုပ်ငန်းနဲ့ ပတ်သက်လို့ တော့ ကောင်းချင်ကောင်းမှာ ပဲ။ ဒါပေမဲ့လို့ ဗြိတိသျှလူထုဆီက ငွေသန်းပေါင်း ကုဋေကုဋာ တောင်းပြီး လုပ်မယ်။ ဖောက်မယ်ဆိုတဲ့ သူတို့ ပင်လယ်ကြီးပေါ် ဘယ်တော့မှ ခင်ဗျား ခရီးသွားရလိမ့်မယ်တော့ မထင်နဲ့ ။

"ကိုင်း ... ကျုပ်တို့ အချိန်သုံးမိနစ်ပဲ ကျန်တော့တယ်။ ဒီတော့ လိုရင်းကို ကျုပ်အခုပြောတော့မယ်။ သူတို့ ဖောက်မယ်ဆိုတဲ့ ဒေသဟာ တူရကီပိုင်နက်မဟုတ်လား။ တူရကီပိုင်နက် မှာ ဝင်ပြီးလုပ်ရမယ်ဆိုတော့ စူလ်တန်ဘုရင်ရဲ့ ခွင့်ပြုချက် အမိန့်စာချွန်ရထားမှ သာ စိတ်ချရမယ်မဟုတ်

လား"

"ဟုတ်ပါတယ် ခင်ဗျာ။ ဆာရောဘတ် အေး(လ)ဝဒ်နဲ့ ဟက်စဝဲတို့က ဒီအမိန့်ကို ကွန်စတင်တီနိုပယ်မှာ ရယူထားပြီးပါပြီ။ ကျွန်တော်ကိုယ်တိုင် အမိန့်စာချွန်ကို တွေ့ ပြီးပါပြီ"

"ဟုတ်ရဲ့ လား ... နေပါဦး။ စူလ်တန်ဘုရင်နဲ့ လက်မှတ်ကိုမြင်ရင် ခင်ဗျား မှတ်မိလို့ လား။ ဟိုလူနှစ်ယောက် အဲဒီမှာ ရှိနေတဲ့ ဆောင်းဦးပေါက်တုန်းက စူလ်တန်ဘုရင်ဟာ အတော့်ကို မမာမကျန်းဖြစ်နေတယ်လို့ ကြားရတယ်"

"ဆိုလိုတာက ..."

မေဂျာဗာဒွန်သည် မစ္စတာဂျက်ကဆင်၏ မျက်နှာကို မော်ကြည့်၍ ပြော လိုက်လေသည် ။

"ကျုပ်ဆိုလိုတာက သူတို့ ရဲ့ အာမခံချက်ကို ကျုပ် မကြိုက်ဘူး ဆိုလိုတာပဲ။ ဒါထက်တော့ ပိုပြီး ပြောမနေပါရစေနဲ့ တော့။ အသရေဖျက်မှု ဥပဒေတွေ ဘာတွေက ရှိတယ်မဟုတ်လား။ လောလောဆယ်တော့ ကန့်ကွက်မှုတို့ ၊ ဆူပူမှုတို့ မရှိသေးဘူးပေါ့လေ။ ဘာဖြစ်လို့ လဲဆိုတော့ ငွေနဲ့ ပေါက်ပြီး ပိတ်ဆို့ထားမှာ ကိုး။ နို့ပေမဲ့ မကြာပါဘူး။ အနေးနဲ့ အမြန် ကန့်ကွက်မှုတွေ၊ ဆူပူမှု တွေ ဖြစ်လာမှာ ပဲ။ အဆုံးမတော့ နာမည်ပျက်စရာတွေပေ့ါလေ။

"သူတို့ စီမံကိန်းနဲ့ ပတ်သက်လို့ ပြောရရင် အရင်းအနှီးရအောင် တောင်းထားတဲ့ ငွေတွေဟာ အရှက်မရှိ တောင်းထားတာချည်းပဲ။ ဒါက ကုမ္ပဏီတည်ထောင်တဲ့ လူတွေ အကျိုးရှိဖို့ ပေ့ါ။ အဲဒီအထဲမှာ "အလန်" ခင်ဗျားလည်း တစ်ယောက်အပါအဝင်ပဲ။ ကိုင်း ... အချိန်စေ့သွားပြီ၊ ကျုပ်ပေးတဲ့ အကြံဉာဏ်ကို လိုက်ချင်သပဆိုရင် လိုက်၊ မလိုက်ချင်ဘူးဆို

ရင်လည်း နေပေ့ါ။

"ကျုပ်ကတော့ ခင်ဗျားတို့ မိသားစုရဲ့ မိတ်ဆွေဟောင်းကြီး အနေနဲ့ရော၊ ဒီလောကကြီးရဲ့ အကောင်းအဆိုးကို နားလည်ထားတဲ့ ဝါရင့်ပုဂ္ဂိုလ် တစ်ယောက်အနေနဲ့ ရော ပြောတာပဲ။ ဒီတော့ နောက်ဆုံးပြောလိုက်မယ်။ ခင်ဗျားတို့ ကုမ္ပဏီကို အမွန်းတင်ထားတဲ့ ဆောင်းပါးကိုရော ၊ ကြော်ငြာကိုရော ကျုပ်ရဲ့ ဂျပ်(ဂျ) သတင်းစာထဲမှာ ပေါင်တစ်ထောင်ကြီး ပေးမယ်ဆိုတောင် ထည့်မပေးနိုင်ဘူး ... အလန်။ ကဲ ... သွားပေရော့။ နောက်လည်း ကျုပ်ဆီ လာပြီး ဘာတွေဖြစ်သလဲဆိုတာ ပြောပါဦး ။ ဪ ... ဒါထက် မစ္စဘာဘရာကိုများ တွေ့ရင် ကျုပ်က နှုတ်ဆက်လိုက်တယ်လို့ ပြောလိုက်ပါတယ်နော်။ သူငယ်မက အင်မတန် ရိုးသားဖြောင့်မတ်တဲ့ မိန်းကလေး"

နောက်ဆုံး စကားများကို မစ္စတာဂျက်ကဆင်သည် တံခါးကြားမှနေ၍ ခပ်ကျယ်ကျယ် ပြောလိုက်ခြင်းဖြစ်လေသည် ။

*****